# အကဲဖြတ်ခြင်းများအတွက် မိဘလမ်းညွှန်

**ACCESS ၂.၀** *(ပြည်နယ်တစ်ခုနှင့် တစ်ခုတွင် အင်္ဂလိပ်စာတွင် နားလည်မှုနှင့် ဆက်သွယ်မှုကို အကဲဖြတ်စစ်ဆေးခြင်း)*

အကဲဖြတ်စစ်ဆေးမှုများသည် ကျောင်းသားများ၊ မိဘများနှင့် ဆရာများကို ကျောင်းသားများ ၂၁ ရာစုအတွက် အတန်းအဆင့်စံချိန်စံညွှန်းများကို တတ်ကျွမ်းမှုရှိမရှိနှင့် ဘွဲ့ယူရန်လမ်းကြောင်းပေါ်ရှိမရှိ စသောတန်ဖိုးရှိသော အချက်အလက်များကိုပေးသည်။ ထိုအကဲဖြတ်စစ်ဆေးခြင်း ရလဒ်များကို သင့်ကလေး၏ ပညာရေးတိုးတက်မှု၏ သက်သေအထောက်အထား၌ အတိုင်းအတာတစ်ခု အနေဖြင့်ပေးနိုင်ရန် ရည်ရွယ်သည်။

## ဤအကဲဖြတ်စစ်ဆေးမှုဟာဘာပါလဲ?

ACCESS ၂.၀ သည် လူမှုရေးနှင့် ပညာရေးဆိုင်ရာ အင်္ဂလိပ်ဘာသာစကား ဖွံ့ဖြိုးမှု၌ နားထောင်ခြင်း၊ အဖတ်၊ အရေး၊ နှင့် အပြော အပိုင်းတို့တွင် အကဲဖြတ်စစ်ဆေးသော နစ်စဉ်စုစည်း အကဲဖြတ်စစ်ဆေးခြင်း တစ်ခုဖြစ်သည်။ ယင်းသည် အင်္ဂလိပ်စာသင်ယူသူများကို စောင့်ကြည့်ရန် ဖက်ဒရယ်လိုအပ်ချက်များနှင့် ကိုက်ညီသော ပြည်နယ်မှ လိုအပ်သည့် အကဲဖြတ်စစ်ဆေးခြင်း တစ်ခုဖြစ်သည်။ K-၁၂ အတန်းများတွင်ရှိသော အင်္ဂလိပ်စာသင်ယူသူများဟု သတ်မှတ်ထားသည့် ကျောင်းသားများအားလုံးသည် အကဲဖြတ်စစ်ဆေးခြင်းကို ဖြေဆိုရန်လိုအပ်သည်။

အကယ်၍ သင့်ကလေးသည် သူငယ်တန်းတွင်ဖြစ်ပါက သူ/သူမသည် စာရွက်နှင့် ခဲတံကိုသုံးသော စစ်ဆေးခြင်းဖြင့် စစ်ဆေးမှု၏ အပိုင်းလေးပိုင်းစလုံးကို ဖြေဆိုရလိမ့်မည်။ အကယ်၍ သင့်ကလေးသည် ၁-၁၂ တန်းတွင်ဖြစ်ပါက အကဲဖြတ်စစ်ဆေးခြင်းကို အွန်လိုင်းလုံးလုံးဖြင့်၎င်း၊ စာရွက်နှင့် ခဲတံကို လုံးလုံးသုံးသော စစ်ဆေးခြင်းဖြင့်၎င်း၊ ရေးဖြေအပိုင်းကို စာရွက်သုံးပြီး အွန်လိုင်းဖြင့်၎င်း စီမံဆောင်ရွက်နိုင်သည်။

အတန်း ၁-၁၂ တွင်ရှိသော အင်္ဂလိပ်ဘာသာစကား သင်ယူသူများဟု သတ်မှတ်ထားပြီး သိမြင်မှုသိသာစွာ ချွတ်ယွင်းသော ကျောင်းသားများသည်  ELLs အတွက် ACCESS နောက်တစ်မျိုးကို ဖြေဆိုရလိမ့်မည်။ ယင်းစစ်ဆေးခြင်းကို စာရွက်ဖြင့်သာဖြေဆိုရမည်ဖြစ်သည်။

အတန်းအားလုံးတွင် ရေးဖြေအပါအဝင် စာရွက်ဖြင့် ဖြေဆိုခြင်းကို လိုအပ်သော မည်သည့်ကျောင်းသားမဆို အတွက် ရရှိနိုင်သည်။

## ကျွန်ုပ်၏ကလေးကို ဘယ်တော့စစ်ဆေးပါမည်လဲ?

ACCESS ၂.၀ ကိုဇန်နဝါရီ နှင့် ဖေဖော်ဝါရီတွင် ကျောင်းသားအများစုအတွက် အွန်လိုင်းပုံစံကို အသုံးပြုကာ စီမံဆောင်ရွက်ပေးသည်။ အချို့သောစစ်ဆေးမှု အချိန်ဇယားကို သိရှိရန် သင့်ကလေး၏ ကျောင်း၌ မေးမြန်းပါ။ သင့်ကလေးကို ရက်အားလုံးတွင်မဟုတ်ဘဲ အတန်းနှင့် ဘာသာရပ်ပေါ်တွင် အခြေခံ၍ အချို့သောရက်များတွင်သာ စစ်ဆေးမည်။  အချို့သောစစ်ဆေးမှု အချိန်ဇယားကို သိရှိရန် သင့်ကလေး၏ ဆရာနှင့် ကျေးဇူးပြု၍ ဆက်သွယ်ပါ။

## ကျွန်ုပ်၏ကလေး ဘာအမှတ်(များ)ရမှာလဲ?

မိဘအမှတ် အစီရင်ခံစာကို သင့်ကလေး၏ စွမ်းဆောင်မှုနှင့် ပတ်သက်သော အချို့အချက်အလက်များနှင့်အတူ မေလတွင် အိမ်သို့ပို့ပေးမည်။ သင့်ကလေးအတွက် စုစုပေါင်း အမှတ် ၈ မှတ်ရလိမ့်မည်။ အမှတ်များကို ကျွမ်းကျင်မှု အဆင့် ၆ ဆင့်ဖြင့် အစီရင်ခံသည် -

| | | | | | |
|---|---|---|---|---|---|
| ၁ – ဝင်ရောက်မှု | ၂ – ပေါ်ထွက်မှု | ၃ – ဖွံ့ဖြိုးမှု | ၄ – တိုးချဲ့မှု | ၅ – ပေါင်းကူးမှု | ၆ - ရောက်ရှိမှု |

နားထောင်ခြင်း၊ အဖတ်၊ အရေး၊ နှင့် အပြောတို့အတွက် သီးသန့်အမှတ်ကို သင်ရရှိလိမ့်မည်။
ယင်းတို့မှ အောက်ပါ ပေါင်းစပ်အမှတ်များကို ရရှိသည်။

- နှုတ်ဖြင့် သုံးနှုန်းပြောဆိုနိုင်မှု – အပြော (၅၀%) နှင့် နားထောင်ခြင်း (၅၀%)
- စာတတ်မြောက်မှု – စာဖတ်ခြင်း (၅၀%) နှင့် အရေး (၅၀%)
- နားလည်မှု – နားထောင်ခြင်း (၃၀%) နှင့် စာဖတ်ခြင်း (၇၀%)
- ခြုံငုံအမှတ် - နားထောင်ခြင်း  (၁၅%)၊ အပြော (၁၅%)၊ စာဖတ်ခြင်း (၃၅%)၊ နှင့် အရေး (၃၅%)

## ဤအမှတ်များကိုဘယ်လိုအသုံးချရမလဲ?

ACCESS ၂.၀ အမှတ်များကို ကျောင်းသားတစ်ယောက်စီ၏ အင်္ဂလိပ် ဘာသာစကား ကျွမ်းကျင်မှုအဆင့် ကိုဆရာများထံ အသိပေးရန် အသုံးပြုလိမ့်မည်။ ၎င်းသည် ကျောင်းသားများအတွက် အသင့်လျော်ဆုံး ညွှန်ကြားချက်ကို ဆုံးဖြတ်ရာ၌ အကူအညီပေးသည်။ ၎င်းကို အင်္ဂလိပ်စာသင်ယူသူများအား ပုံမှန်အင်္ဂလိပ်စာ အတန်းများတွင်ထားနိုင်ရန် အဆင်သင့်ဖြစ်မဖြစ်ကို ဆုံးဖြတ်ရာတွင်လည်း အသုံးပြုသည်။ အင်္ဂလိပ်ဘာသာ စကားသင်ယူခြင်း ဝန်ဆောင်မှုများမှ ရပ်တန့်ရန် ကျောင်းသားများသည် ခြုံငုံကျွမ်းကျင်မှုအဆင့် ၄.၀ (သို့) ယင်းထက်မြင့်သောအဆင့်နှင့် စာတတ်မှုအမှတ် ၄.၀ (သို့) ယင်းထက်မြင့်သောအမှတ်ကို ရရန်လိုအပ်သည်။

## ? ထပ်တိုးအချက်အလက်များ

ကျွန်ုပ်တို့သည် သင့်အား သင့်ကလေး၏ပညာရေးတွင် ပါဝင်ရန်တိုက်တွန်းသည်။ သင့်ကလေးကို အိမ်တွင်ကူညီရန် နှင့် စစ်ဆေးသည့် နေရာထိုင်ခင်းများ ရနိုင်မှုရန် နည်းလမ်းများအတွက် သင့်ကလေး၏ ဆရာကိုဆက်သွယ်ရန် ဝန်မလေးပါနှင့်

**နောက်ထပ် အချက်အလက်များအတွက်- WIDA**

- https://www.wida.us/downloadLibrary.aspx သို့ဝင်ရောက်ပါ၊ standards (စံချိန်စံညွှန်းများ) ခေါင်းစဉ်အောက်ရှိ Family Webinars (မိသားစုအင်တာနက်တွေ့ဆုံ ဟောပြောပွဲများ) ကို ကြည့်ပါ။

**နောက်ထပ် အချက်အလက်များ - အကဲဖြတ်စစ်ဆေးခြင်းများ**

ဝင်ရောက်ပါ -

- http://assessments.dpsk12.org
-

အကဲဖြတ်မှုများနှင့်ပတ်သက်၍ သင့်ထံတွင်မေးခွန်း (သို့) ပူပန်စရာများရှိပါက သင့်ကလေး၏ကျောင်းကို တိုက်ရိုက်ဆက်သွယ်ပါ (သို့) မိသားစု ရွေးကောက်တင်မြှောက်သူ ဝန်ဆောင်မှုများ(၇၂၀) ၄၂၃-၃၀၅၄ သို့ခေါ်ဆိုပါ။